ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ၂၆၇ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

**အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ အခန်း(၄) ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ **"အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ ပြည်နယ်)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>စပါးသီးနှံသုတေသနဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ယာသီးနှံ(Field Crops)သုတေသနဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>စက်မှုသီးနှံနှင့် နှစ်ရှည်ပင်များသုတေသနဌာနခွဲ<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |

(ဧ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဥယျာဉ်ခြံသီးနှံသုတေသနဌာနခွဲ
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့်သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဝါနှင့်ပိုးချည်ပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရော်ဘာနှင့်ကော်ဖီသီးနှံနည်းပညာပေးရေးနှင့်
နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
နှစ်ရှည်ပင်များပညာပေးရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ဍ) ပါမောက္ခ အဖွဲ့ဝင်
အပင်မျိုးမွေးမြူရေး၊ဇီဝကမ္မဗေဒနှင့်ဂေဟဗေဒဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

(ဎ) ပါမောက္ခ အဖွဲ့ဝင်
ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးဇီဝနည်းပညာဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

(ဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မျိုးစေ့ဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(တ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဥယျာဉ်/ဇီဝဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သစ်တောသုတေသနဌာန
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဖွံ့ဖြိုးရေးသုတေသနဌာနခွဲ
ငါးလုပ်ငန်းဦးစီးဌာန

(ဓ) ပြင်ပကျွမ်းကျင်ပညာရှင်တစ်ဦး အဖွဲ့ဝင်
အပင်မျိုးမွေးမြူသူတစ်ဦး( ကိုယ်ပိုင်/ကုမ္ပဏီလုပ်ငန်း)

(န) ဒုတိယညွှန်ကြားရေးမှူးချုပ်(သီးနှံ) အတွင်းရေးမှူး
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(ပ) တာဝန်ခံ တွဲဖက်အတွင်းရေးမှူး
အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

၂။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ “အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်” ရရှိရန် လျှောက်ထားလာသည့် အပင်မျိုးများကို အောက်ပါအချက်များပေါ်တွင် အခြေခံ၍ စစ်ဆေးပြီး စိစစ်တွေ့ရှိချက်များအား စာတမ်းပြုစု၍ သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသို့ တင်ပြရမည်။

(၁) ကာကွယ်သည့် အခွင့်အရေးရရှိရန် လျှောက်ထားလာသော အပင်မျိုးသစ်သည် ဥပဒေ ပုဒ်မ ၈ ပါ သတ်မှတ်ချက်များအတိုင်း မျိုးအသစ် ဟုတ် မဟုတ်

(၂) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံ သိရှိထားသည့် အခြားမည်သည့် မျိုးများနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရှိ မရှိ

(၃) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာဖော်ပြနိုင်ခြင်း ရှိ မရှိ

(၄) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက် အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ ထူးခြားသော သွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာ ဖော်ပြနိုင်ခြင်း ရှိ မရှိ၊

(၅) အပင်မျိုးသစ်ကို အမည်ပေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အမည်ပေးခြင်း ရှိ မရှိ နှင့် အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးရမည်။

(ခ) အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ အတည်ပြုပြီးသော အပင်မျိုးသစ်များကို မျိုးမှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိနိုင်ရန် အခါအားလျော်စွာထုတ်ပြန် ကြေညာပေးရမည်။

(ဂ) အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးရာတွင် အသုံးပြုသည့် လမ်းညွှန်စာအုပ် (Test Guide Line)များတွင် ပါဝင်သည့် သီးနှံအရည်အချင်း လက္ခဏာများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးသည့် စမ်းသပ်ခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများရှိ ပညာရှင်များနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၏ ၂၃.၇.၂၀၁၉ ရက်စွဲပါစာအမှတ်၊ PVP/၂၀၁၈-၂၀၁၉/၂၂၂ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

စာအမှတ် ၊ စသ/PVP/၂၀၂၀-၂၀၂၁/၁၇၄၇

ရက်စွဲ ၊ ၂၀၂၁ခုနှစ်၊ ဇွန်လ ( ၂၂ )ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ (အားလုံး)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြော်ငြာပေးပါရန်။

ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး

**အမိန့်အရ**

(ဒေါက်တာနိုင်ကြည်ဝင်း)

**အတွင်းရေးမှူး**

**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**